မည်သော ကောဋ္ဌာသသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

မေဒေါ – ထက်ခြမ်းခွဲသည့် နန္ဒင်းခဲအတူ ဝဖြိုးသူအား အရေ အသား၏ အကြားတိုင်းသာ ပိန်သူမှာမူ များရာ အသား အရေကြားတည် အဆီခဲမည်သော ကောဋ္ဌာသသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

---

အဆင်း ရှိ၏၊ သွားနေသောသွေးကား ကြည်သော(ကျဲသော) ချိပ်ရည်အဆင်း ရှိ၏၊ ဤသွားနေသောသွေးသည် သွေးကြော များကို အစဉ်လျှောက်၍ တကိုယ်လုံး၌ ပြန့်နှံ့တည်နေ၏၊ စုနေသောသွေးကား အသဲ၏အောက်ပိုင်းကို ပြန့်နှံ့လျက် နှလုံးအညှိအဆုတ်တို့၏အထက်၌ တည်၏၊ တစလယ်လောက် ရှိ၏၊ ထိုအသဲ၏ အောက်ပိုင်းနှင့် နှလုံးအညှို အဆုတ်တို့ကို အမြဲစိုအောင် တစက်စက် ယိုကျနေ၏၊ အညှိုနှလုံးစသည် တို့ကို မစိုစေလျှင် သတ္တဝါတိုင်းပင် ရေဆာတတ်လေသည်။

**ချွေး။** ။ခန္ဓာကိုယ်၌ သွေးသည် အမြဲတည်ရှိသကဲ့သို့ "ချွေး" ခေါ်သော ကောဋ္ဌာသသည် အမြဲတည်ရှိသည် မဟုတ်၊ မီးပူ နေပူ နွေအခါ ဥတုအပူဓာတ်တို့ကြောင့် ခန္ဓာ ကိုယ်ပူအိုက်သောအခါ အပူငွေ့မှ အရည်ဓာတ်သို့ ပြောင်း